# ကျွန်ုပ်၏သမဂ္ဂကိုယ်စားလှယ်ကိုတောင်းဆိုရန်အလုပ်ရှင်ကို ကျွန်တော်ဘာပြောရမလဲ?

သင်၏အခွင့်အရေးများကိုထိန်းသိမ်းရန် အောက်ပါတို့ကိုပြောဖို့ကျွန်ုပ်တို့အကြံပြုသည်။

## ကျွန်ုပ်၏ WEINGARTEN အခွင့်အရေးများ -

"ဤဆွေးနွေးချက်သည် ကျွန်ုပ်ရဲ့စည်းကမ်း ပျက်၍အပြစ်ဒဏ်ပေးခြင်း၊ အလုပ်ရပ်စဲခြင်း သို့မဟုတ် ကျွန်ုပ်၏ကိုယ်ပိုင်လုပ်ငန်းခွင်အခြေ အနေများကိုထိခိုက်စေခြင်းတို့ဖြစ်စေမည် ဆိုလျှင် ကျွန်ုပ်၏ သမဂ္ဂကိုယ်စားလှယ်၊ အရာရှိ (သို့) ကြီးကြပ်အုပ်ချုပ်သူအားအစည်းအဝေး
တွင်ရှိနေစေရန် ကျွန်တော်လေးစားစွာတောင်း ဆိုပါသည်။ ကိုယ်စားပြုမည့်သူမရှိပါက မည်သည့်မေးခွန်းများကိုမဖြေဆိုရန်ကျွန်တော် ရွေးချယ်ပါသည်။

"ဤဆွေးနွေးချက်သည် ကျွန်ုပ်ရဲ့စည်းကမ်း ပျက်၍အပြစ်ဒဏ်ပေးခြင်း၊ အလုပ်ရပ်စဲခြင်း သို့မဟုတ် ကျွန်ုပ်၏ကိုယ်ပိုင်လုပ်ငန်းခွင်အခြေ အနေများကိုထိခိုက်စေခြင်းတို့ဖြစ်စေမည် ဆိုလျှင် ကျွန်ုပ်၏ သမဂ္ဂကိုယ်စားလှယ်၊ အရာရှိ (သို့) ကြီးကြပ်အုပ်ချုပ်သူအားအစည်းအဝေး
တွင်ရှိနေစေရန် ကျွန်တော်လေးစားစွာတောင်း ဆိုပါသည်။ ကိုယ်စားပြုမည့်သူမရှိပါက မည်သည့်မေးခွန်းများကိုမဖြေဆိုရန်ကျွန်တော် ရွေးချယ်ပါသည်။

အရေးကြီးအဆက်အသွယ်သတင်းအချက်အလက်ကျွန်ုပ်၏ဒေသခံသမဂ္ဂ ကိုယ်စားလှယ်သည်
အမည်၊ ဆဲလ်၊ အီးမေးလ်

Name ______________________

Cell ______________________

Email ______________________

အရေးကြီးအဆက်အသွယ်သတင်းအချက်အလက်ကျွန်ုပ်၏ဒေသခံသမဂ္ဂ ကိုယ်စားလှယ်သည်
အမည်၊ ဆဲလ်၊ အီးမေးလ်

Name ______________________

Cell ______________________

Email ______________________

EDUCATION DEPARTMENT

Publication #545DCB
Revised: March 2021

SM:EF:rv
opeiu494afl-cio

EDUCATION
DEPARTMENT

# WEINGARTEN အခွင့်အရေးများ

# Weingarten အခွင့်အရေးများ

သမဂ္ဂကိုယ်စားပြုအလုပ်သမားအားလုံးသည်ဥပဒေအရကာကွယ်ထားသောအခွင့်အရေးများရှိသည်။ သမဂ္ဂအဖွဲ့ဝင်တစ်ဦးတွင်ရှိသောအားသာ ချက်တစ်ခုမှာသင့်အလုပ်ရှင်ကသင့်ရဲ့ စည်းကမ်းပျက်၍အပြစ်ဒဏ်ပေးခြင်း၊ သို့မဟုတ်အလုပ်ရပ်စဲမှုကို ဦးတည်သွားနိုင်တယ် လို့သင်ယုံကြည်တဲ့မေးခွန်းတွေကိုဖြေဖို့ သင့်အလုပ်ရှင်ကသင့်ကိုတောင်းဆိုတဲ့အခါ သမဂ္ဂကိုယ်စားလှယ်ရှိခွင့်ရှိတယ်။

အမျိုးသားအလုပ်သမားဆက်ဆံရေးဘုတ်အဖွဲ့ v. J. Weingarten, Inc. ရှိ အမေရိကန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ချက်အရ "စုံစမ်းစစ်ဆေးမှုအင်တာဗျူး" အတွင်း သင်နှင့် အတူ သမဂ္ဂကိုယ်စားလှယ်တစ်ဦးရှိပိုင် ခွင့်ရှိသည်။ ထိုဆုံးဖြတ်ချက်ဖြင့်တည်ထောင် ထားသောသမဂ္ဂအဖွဲ့ဝင်အခွင့်အရေးများကို Weingarten အခွင့်အရေးများဟုခေါ်သည်။

သင့်ရဲ့ စည်းကမ်းပျက်၍အပြစ်ဒဏ်ပေးခြင်း၊ သို့မဟုတ်အလုပ်ရပ်စဲမှုကိုဦးတည်စေနိုင်သည့် စုံစမ်းစစ်ဆေးရေးအင်တာဗျူးတစ်ခုအတွင်းသင့်နဲ့အခန်းထဲမှာသမဂ္ဂကိုယ်စားလှယ်တစ်ယောက်ဘာကြောင့်လိုချင်တာလဲ (သို့) ဘာကြောင့် လိုအပ်တာလဲလို့သင်တွေးမိကောင်းတွေးနိုင် တယ်။ ဘာတွေမှားသွားနိုင်လဲ? သင်ကအလုပ် သမားကောင်းတစ်ယောက်ဖြစ်ပြီးဖုံးကွယ်စရာဘာတစ်ခုမှမရှိဘူး။

အဘယ့်ကြောင့် သင်၏ Weingarten အခွင့် အရေးများသည် အရေးပါရသည့်အကြောင်း အရင်းများစွာရှိပြီး သင်လိုအပ်သည့်အခါတိုင်း ၎င်းတို့အားလွတ်လွတ်လပ်လပ်အသုံးချသင့် သည်။ ကျွန်ုပ်တို့၏တရားဝင်အကာအကွယ် ရပိုင်ခွင့်များကိုအလေးအနက်ထားပြီးလိုအပ်သည့်အခါ၎င်းတို့ကိုကျင့်သုံးကြောင်းစီမံခန့်ခွဲမှုအားအသိပေးခြင်းအားဖြင့်ကျွန်ုပ်တို့၏စုပေါင်း ညှိနှိုင်းသဘောတူညီချက်များအားခိုင်မာစွာ ထိန်းသိမ်းထားသည်။

- သင်သည်သင်၏ သမဂ္ဂကိုယ်စားလှယ်နှင့် သီးသန့်တိုင်ပင်နိုင်ပြီးအလုပ်ရှင်၏မေးခွန်းများ မဖြေမီအကြံဉာဏ်ကိုရယူနိုင်သည်။
- သင်၏သမဂ္ဂကိုယ်စားလှယ်သည်သင်၏အဖြေများအတွက်သက်သေအဖြစ်နှင့်လိုအပ်ပါကသင်၏စုံစမ်းစစ်ဆေးရေးအင်တာဗျူး၏ပုံစံကိုကာကွယ်ပေးနိုင်ပါသည်။
- သင်၏သမဂ္ဂကိုယ်စားလှယ်သည်သင့်ကိုယ်စားမရှင်းလင်းသောသို့မဟုတ်ရှုပ်ထွေးနေသော မေးခွန်းများကိုရှင်းလင်းစွာသိနိုင်ရန်အလုပ်ရှင် အားမေးပေးနိုင်သည်။
- သင်၏သမဂ္ဂကိုယ်စားလှယ်သည်စာချုပ်ပါ ဘာသာစကားနှင့်အခြားအချက်များအတွက် အလုပ်ရှင်အားစုံစမ်းစစ်ဆေးမှုအင်တာဗျူးကိုတိုစေခြင်း (သို့) အဆုံးသတ်စေနိုင်သည်။
- သင်၏ သမဂ္ဂကိုယ်စားလှယ်အားလာရောက်ရန် တောင်းဆိုခြင်း (သို့) ကိုယ်စားပြုပေးခြင်းမရှိဘဲမေးခွန်းများကိုဖြေရန်ငြင်းဆိုသောကြောင့်သင်သည်အပြစ်ပေးခြင်းမခံရနိုင်ပါ။

ဤအရာများသည်သင့်အလုပ်ရှင်နဲ့စိတ်ဖိစီးမှုဖြစ် စေနိုင်မည့်အစည်းအဝေးများကိုကျော်ဖြတ်နိုင်ဖို့ သင့်ရဲ့သမဂ္ဂကိုယ်စားလှယ်ကိုအားကိုးနိုင်တယ်ဆိုတာသိရန်အရေးကြီးတဲ့အကြောင်းအရင်းတွေထဲမှ အနည်းငယ်ပဲဖြစ်သည်။

## သင်ကျော်ဖြတ်နိုင်ရန်အဆင့်ဆင့်လုပ်ထုံးလုပ်နည်းများ

- ၁။ သင့်ရဲ့ စည်းကမ်းပျက်၍အပြစ်ဒဏ်ပေးခြင်း၊ သို့မဟုတ်အလုပ်ထုတ်ခံရနိုင်တယ်လို့ထင်ရ တဲ့ကိစ္စတစ်ခုကြောင့်အလုပ်ရှင်ကသင့်ကိုဆက်သွယ်လိုက်လျှင်သင့်ရဲ့သမဂ္ဂကိုယ်စားလှယ်ကိုသင်နဲ့အတူလိုက်ပါစေချင်ကြောင်းပြောပါ။သင်၏စုပေါင်းညှိနှိုင်း သဘောတူညီမှုသည်ထိုအကြောင်းကြားစာမလိုအပ်လျှင်အလုပ်ရှင်သည်သင်နှင့်အတူရွေးချယ်မှုပြုလုပ်စရာမလိုပါ။မည်သည့်ကိစ္စတွင်မဆိုသင်၏သမဂ္ဂကိုယ်စားလှယ်အားအင်တာဗျူးတွင်သင်နှင့်အတူရှိစေချင်ကြောင်းပြောခြင်းသည်အကောင်းဆုံးဖြစ်သည်။
- ၂။သင်၏သမဂ္ဂကိုယ်စားလှယ်ရောက်လာသောအခါအလုပ်ရှင်က၎င်းတို့မည်သည့်အရာအားစုံစမ်းစစ်ဆေးနေသည်ကိုကိုယ်စားလှယ်အားပြောပြရမည်။
- ၃။စုံစမ်းစစ်ဆေးရေးအင်တာဗျူးမစမီသင်၏သမဂ္ဂကိုယ်စားလှယ်နှင့်သီးသန့်တွေ့ဆုံခွင့်ရှိသည်။
- ၄။စုံစမ်းစစ်ဆေးရေးအင်တာဗျူးစဉ်တွင်သင်၏သမဂ္ဂကိုယ်စားလှယ်သည်သင့်အားအလုပ်ရှင်၏မေးခွန်းများသည်ရှင်းလင်းပြီးတရားမျှတကြောင်းသေချာစေနိုင်သည်။ သူတို့ကသင့်အားအကူအညီဖြစ်ရန် အတွက်စာချုပ်ဘာသာစကားနဲ့အခြားအချက်တွေကိုလည်းညှိပေးနိုင်သည်။
- ၅။အင်တာဗျူးပြီးဆုံးပြီးနောက်သင်၏သမဂ္ဂကိုယ်စားလှယ်သည်သင့်အားကူညီရန်နှင့်နောက်ထပ်အဆင့်များအတွက် သင့်အလုပ်ရှင်နှင့်တွေ့ဆုံပြီးအကျိုးသင့် အကြောင်းသင့်ဆွေးနွေးပေးနိုင်သည်။

## အလုပ်ရှင်သည်ကျွန်ုပ်၏သမဂ္ဂကိုယ်စားလှယ်နှင့်တွေ့ဆုံမေးမြန်းမှုမပြုလုပ်လိုလျှင်မည်သို့လုပ်မလဲ?

စုံစမ်းစစ်ဆေးရေးအင်တာဗျူးတစ်ခုတွင်သင့်ရဲ့သမဂ္ဂကိုယ်စားလှယ်ရှိနဖို့အခွင့်အရေးရှိပမဲ့အလုပ်ရှင်ကဤလုပ်ဆောင်ချက်သုံးခုထဲက
တစ်ခုကိုတရားဝင်ခွင့်ပုပြုပါတယ်။

- ၁။အလုပ်ရှင်သည်သင်၏တောင်းဆိုချက်ကိုလိုက်လျောပေးနိုင်သည်။
- ၂။အလုပ်ရှင်သည်သင်၏တောင်းဆိုချက်ကိုငြင်းဆန်နိုင်ပြီးအင်တာဗျူးကိုအဆုံးသတ်နိုင်သည်။
- ၃။အလုပ်ရှင်ကသင်လုပ်ချင်သောအရာများကို ရွေးချယ်ခိုင်းနိုင်တယ်။
  - သင်၏သမဂ္ဂကိုယ်စားလှယ်မပါဘဲ အင်တာဗျူးခိုင်း နိုင်သည်။ သို့မဟုတ်
  - အင်တာဗျူးကိုအဆုံးသတ်နိုင်သည်။

အလုပ်ရှင်ကသင့်ကိုဤရွေးချယ်မှုနှစ်ခုထဲကတစ်ခုရွေးခိုင်းလျှင်သင့်အင်တာဗျူးကိုအဆုံးသတ်ဖို့ကျွန်ုပ်တို့အကြံပြုသည်။

သင့်ရဲ့သမဂ္ဂကိုယ်စားလှယ်အတွက် တောင်းဆိုချက် ကိုအလုပ်ရှင်ကမငြင်းနိုင်ဘူးဆိုတာသတိပြုပါ။ သင်၏စုပေါင်းညှိနှိုင်းအပေးအယူသဘောတူညီချက်သည်သင့်အားစုံစမ်းစစ်ဆေးရေးအင်တာဗျူးတစ်ခုခေါ်သောအခါသင်၏သမဂ္ဂကိုယ်စားလှယ်အားဆက်သွယ်ရန်နှင့်တင်ပြရန်လိုအပ်သည်ဆိုကပြါစို့။ ထိုအခြေအနေတွင်သင်၏တောင်းဆိုချက်ကိုပေးရန်အလုပ်ရှင်၏ငြင်းဆိုမှုသည်စုပေါင်းညှိနှိုင်းသဘောတူညီမှုကိုချိုးဖောက်ခြင်းလည်းဖြစ်သည်။